http://www.dhammadownload.com

DHAMMAVIJJALAYA
2545 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၂၈)

# ပိယတော ဇာယတေ သောကော

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

# ဦးခင်မောင်ထွေး+ဒေါ်မမြင့်သိန်း
# ကိုအောင်နိုင်ဝင်း+မမိုးသဇင်မြင့်
# မယဉ်ယဉ်မာ
# ရာဇာမင်းခန့်
# မိသားစု

နတ်လှူသာခုခေါ်စေသော်
အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊(၂၂)လမ်း၊လသာမြို့နယ်၊ရန်ကုန်မြို့
ဖုန်း၀၁-၃၈၄၁၉၃

http://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ပိယတော ဇာယတေ သောကော

http://www.dhammadownload.com

ကွန်ပျူတာစာစီ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ညွှန်ကြားရေးမှူး ဦးဘဟိန်း

မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

**တရားစာအုပ်များကို**

**ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်**

http://www.dhammadownload.com

# ပိယတော ဇာယတေ သောကော

## မှတ်တမ်း

သာသနာတော်နှစ်-၂၅၅၃ ခုနှစ်၊ ကောဇာသက္ကရာဇ်-၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၂)ရက်၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရလမ်း၊ ဓမ္မပီတိတရားပွဲဖြစ်မြောက်ရေးမိသားစု ဓမ္မသဘင် အခမ်းအနားဝယ် ဟောကြားအပ်သော **"ပိယတော ဇာယတေ သောကော"** တရားဒေသနာတော်။

**"ပိယတော ဇာယတေ သောကော"** ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့နှုတ်ထဲမှာ ဗုဒ္ဓမြတ်စွာ ဒေသနာတော် တစ်ပုဒ်ဟာ နှုတ်တက်ပြီးသား ဖြစ်နေကြပါလိမ့်မယ်။ **"ပိယတော ဇာယတေ သောကော**– ချစ်ခင်ခြင်းကြောင့် သောကဆိုတာဖြစ်ရတယ်" မြတ်စွာဘုရား

http://www.dhammadownload.com



သခင် ကိုယ်တော်မြတ်က သဘာဝတရားရှုထောင့်က နေပြီး ဟောကြားခဲ့တဲ့ ဒေသနာတော်တစ်ပုဒ်ဖြစ်တယ်။

လောကစကားနဲ့ပြောမယ်ဆိုရင် ဒါ philosophy လို့ ပြောချင်လဲပြောပေါ့။ အတွေးအမြင်တစ်ရပ် ဖြစ်တယ်။ လောကဆိုတာ ဘယ်ကဖြစ်လာသလဲ၊ လောကဆိုတာ ဘာကြောင့်ဖြစ်လာသလဲ၊ ဘာကိုမြစ်ဖျားခံပြီး ဖြစ်လာသလဲဆိုရင် ပိယလို့ခေါ်တဲ့ မိမိရဲ့စိတ်နှလုံးကို ယူကျုံးနှစ်သက်စေတတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါကိုပဲဖြစ်စေ၊ မိမိမြတ်နိုးတဲ့ အရာဝတ္ထုကိုပဲဖြစ်စေ မြစ်ဖျားခံပြီး ဖြစ်လာတာ။ မိမိမြတ်နိုးတဲ့ သတ္တဝါ၊ မိမိမြတ်နိုးတဲ့ အရာဝတ္ထု အားလုံးခြုံပြီး **"သတ္တသင်္ခါရ"** ဆိုတဲ့ စကားလုံးကို စာပေမှာသုံးတယ်။ မိမိမြတ်နိုးတဲ့ သတ္တဝါ သင်္ခါရ ဆိုတာ အရာဝတ္ထုတွေအားလုံးကို ရည်ညွှန်းလိုက်တာ။ မိမိစိတ်ထဲမှာ ကျေနပ်နှစ်သက်ပြီးတော့ မြတ်နိုးစရာလို့ သတ်မှတ်ထားတဲ့သတ္တဝါ သင်္ခါရဟာ လောကကိုဖြစ်ပေါ်စေတတ်တယ်။ ပိယဆိုတာ လောက ဖြစ်ပေါ်လာစေခြင်းရဲ့ အကြောင်းတရားထဲက အာရုံ

http://www.dhammadownload.com



တစ်မျိုးကို ရည်ညွှန်းတာဖြစ်တယ်။ သို့သော် ဒီနေရာမှာ ပိယ=မိမိမြတ်နိုးအပ်တဲ့အရာသည် သောကကို ဖြစ်စေတယ်လို့ဆိုတော့ မြတ်နိုးအပ်တဲ့အရာဟာ သက်ရှိသတ္တဝါသော်လည်းဖြစ်မယ်၊ သက်မဲ့ အရာဝတ္ထုလည်း ဖြစ်နိုင်တယ်ပေါ့။

သို့သော် မြတ်နိုးအပ်တဲ့အရာ၊ မြတ်နိုးအပ်တဲ့ ပုဂ္ဂိုလ်က မိမိကို သောကဖြစ်စေတာလားဆိုရင် တိုက်ရိုက်အားဖြင့်တော့ မဟုတ်ဘူး။ တကယ် သောကကိုဖြစ်စေတတ်တာက ထို ပစ္စည်းဝတ္ထုကို မြတ်နိုးတဲ့ တွယ်တာတဲ့တဏှာ၊ ပိယ ပုဂ္ဂိုလ်အပေါ်မှာ ချစ်ခင်တွယ်တာတဲ့တဏှာ။ အဲဒီ အတွယ်အတာ တဏှာကသာလျှင် သောကကို ဖြစ်စေတယ်။

မြတ်စွာဘုရားရဲ့ အဆုံးအမတော်ဟာ ဘယ်နေရာပဲဖြစ်ဖြစ် တညီတည်း၊ တစ်ထပ်တည်း ရှိတယ်ပေါ့။ ပိယဆိုတာ အရာဝတ္ထုနဲ့ ပုဂ္ဂိုလ်သတ္တဝါကို ရည်ညွှန်းပေမယ့် အဲဒီ အရာဝတ္ထုနဲ့ ပုဂ္ဂိုလ်သတ္တဝါပေါ်မှာ အစွဲပြုပြီးနေတဲ့ တဏှာရာဂဆိုတဲ့ သဘာဝ

http://www.dhammadownload.com



တရားကသာလျှင် သောကကို ဖြစ်စေတတ်တယ်။ ဒုက္ခသမုဒယဟာ တဏှာဆိုတာ အားလုံးသိပြီးသားပါ။ လောကမှာရှိတဲ့ ဒုက္ခအားလုံးကို ဖြစ်ပေါ်စေတာ တဏှာပဲ။ အေး- ဒါကြောင့်မို့လို့ "**ပိယတော ဇာယတေ သောကော**" ဆိုတဲ့နေရာမှာ တိုက်ရိုက်အဓိပ္ပာယ်အား ဖြင့် မိမိမြတ်နိုးအပ်တဲ့ အရာဝတ္ထု၊ မြတ်နိုးအပ်တဲ့ပုဂ္ဂိုလ် အပေါ်မှာ တွယ်တာစွဲလမ်းမှုဆိုတဲ့ တဏှာသည် လူတွေ ရဲ့ သန္တာန်မှာ ရင်တွင်းပူလောင်မှုလို့ဆိုတဲ့ သောကကို ဖြစ်စေတယ်။ သောကဆိုတာ တရားကိုယ် ကောက် လိုက်တဲ့အခါ ဒေါသနဲ့ ယှဉ်တွဲလာတဲ့ "ဝမ်းနည်း ကြေကွဲတဲ့ ခံစားမှုတစ်ခု" ကို ပြောတာ။ သောကဟာ သာမန်အားဖြင့် တဏှာရှိတိုင်း သောကဖြစ်သလားလို့ ဆိုရင် မဟုတ်ဘူး၊ မိမိအနေနဲ့ ပိယဝတ္ထု ပိယပုဂ္ဂိုလ် ဆုံးရှုံးတော့မယ် ဆိုတဲ့ အနေအထား ရောက်နေတယ်၊ သို့မဟုတ် ဆုံးရှုံးသွားပြီ ဆိုလို့ရှိရင် သောကကိုဖြစ်ပေါ် စေတတ်တယ်ပေါ့။

http://www.dhammadownload.com



ဒါဖြင့် ပိယက သောကကိုသာ ဖြစ်စေတာလားလို့ ဆိုတော့ မြတ်စွာဘုရားက အဆုံးသတ် အမြင့်ဆုံး အဆင့်ကို ရည်ညွှန်းပြီး ဟောကြားတာဖြစ်တယ်။ "ပိယရှိသူတိုင်းဟာ သောကနဲ့မကင်းနိုင်ဘူး" ပိယ လို့ ဆိုတဲ့ ချစ်ခင်မြတ်နိုးတယ်ဆိုတဲ့ အရာဝတ္ထု ရှိတယ် ဆိုကတည်းကို၊ ပုဂ္ဂိုလ်သတ္တဝါရှိတယ်ဆိုကတည်းက ထိုပုဂ္ဂိုလ်မှာ အတွယ်အတာ တဏှာရာဂ ရှိတယ်လို့ ပြောတာ။ အဲဒီ အတွယ်အတာ "တဏှာရာဂသည် သောကကို မွေးဖွားပေးနိုင်တယ်"လို့ဟောတာ။ အဲဒီ တော့ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတော်တွေ မှာ တိုက်ရိုက်သိရတဲ့ အဓိပ္ပာယ်တွေရှိသလို တစ်ခါ တစ်ရံကျတော့ သွယ်ဝိုက်ပြီးယူရတဲ့ အဓိပ္ပာယ်တွေ ရှိတယ်။

တိုက်ရိုက်သိရတဲ့ အဓိပ္ပာယ်က "**တဏှာယ ဇာယတေ သောကော**" ဆိုရင် ဒါ တိုက်ရိုက်သိရတဲ့ အဓိပ္ပာယ်တစ်ခုပဲ။ တဏှာကြောင့် သောကဖြစ်တယ်၊ "**ပိယတော ဇာယတေ သောကော**" ဆိုတာ တစ်ဆင့်ခံ

http://www.dhammadownload.com



အနေနဲ့ပြောတာ၊ ပိယပုဂ္ဂိုလ်၊ ပိယပစ္စည်းဝတ္ထု ရှိသည့် အတွက်ကြောင့် တဏှာရှိတယ်၊ တဏှာရှိလို့ သောက ဆိုတာဖြစ်တယ်လို့ ဒီလိုဆိုလိုတာပေါ့။

ဒါက မရှောင်လွှဲနိုင်တဲ့ အကြောင်းတရားတစ်ခု ပဲ။ သောကသည် ပိယအပေါ်မှာ အခြေခံတဲ့ တဏှာ ရာဂက စတင်လာတာပဲ၊ တဏှာရာဂရှိလို့ သောက ရှိရ တယ်။ ဒီစကားကို လောကမှာရှိတဲ့ လူသားတွေ အားလုံး လက်ခံသလားလို့ဆိုရင် လက်မခံဘူး။ ဗုဒ္ဓ ဘာသာဝင် မြန်မာလူမျိုးတွေကတော့ ဘုရား တရား တော်တွေနဲ့ ရင်းနှီးပြီးသားဖြစ်သည့်အတွက်ကြောင့် အလွယ်တကူ လက်ခံကြလိမ့်မယ်။ သို့သော် ဒီစကား ကို လက်မခံနိုင်သူတွေလည်း အများကြီးရှိတယ်၊ သာမန်အတွေးအားဖြင့် တွေးမယ်ဆိုရင် လောကမှာ နှစ်သက်မြတ်နိုးစရာ အာရုံတွေကိုကြည့်ပြီးတော့ လူတွေ ဟာ ပျော်နေတဲ့အခါတွေရော မရှိဘူးလား၊ ရှိတယ်။ မိမိနဲ့ ချစ်သူ ခင်သူတွေနဲ့ တွဲပြီးတော့ ပျော်မြူးနေကြတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်တွေ လောကမှ အများကြီးရှိတာပဲ၊ မရှိဘူးလား၊ ရှိတယ်။

မိဘတွေဆိုလို့ရှိရင် ချစ်မြတ်နိုးတဲ့ သားလိမ္မာ သမီးလိမ္မာလေးတွေရှိရင် သားလိမ္မာ သမီးလိမ္မာလေးတွေကိုကြည့်ပြီး ပီတိသောမနဿတွေ၊ သုခတွေ မဖြစ်ကြပေဘူးလား။ မိဘတွေရဲ့ နှလုံးသားဟာ "သားတို့ရုပ်ရည် သီတာမည်သား" ဆိုတဲ့ စာချိုးအတိုင်းပဲ၊ သားသမီးလေးကြည့်လိုက်လို့ရှိရင် မိဘတွေဟာ ဘယ်လောက် ပင်ပန်းပင်ပန်း သူတို့ရင်ထဲမှာ ငြိမ်းချမ်းသွားတယ်။ အဲဒါ ဘာကြောင့်လဲ၊ သားသမီးရဲ့အပေါ်မှာ ချစ်တဲ့အချစ်ကနေပြီး ထုတ်လုပ်ပေးလိုက်တာ သောက မဟုတ်ဘူး၊ ဘာတွေ ထုတ်ပေးနေတုန်း၊ ချမ်းသာမှုတွေ၊ ဝမ်းသာမှုတွေ၊ ကြည်နူးမှုတွေကို ထုတ်ပေးတာ။

အဲဒီအဆင့်အနေနဲ့ ဟုတ်တယ်၊ မှန်တယ်။ ဒါကြောင့်မို့လို့ **"ပိယတော ဇာယတေ သောကော"** ဆိုတဲ့ အဆင့်ကို ကျော်မြင်ဖို့ဆိုတာ အင်မတန်မှ နက်နဲတယ်။ အများပုဂ္ဂိုလ်တွေက ဘာကို လက်ခံတုန်းဆိုရင်

http://www.dhammadownload.com



"ချစ်ခင်ခြင်းကြောင့် ကျေနပ်အားရ နှစ်သက်ပျော်ရွှင်မှုကိုရတယ်" ဆိုတာကိုသာ လက်ခံချင်ကြတယ်။ ချစ်ခင်ခြင်းကြောင့် သောကဖြစ်တယ်ဆိုတာ လူတိုင်းမမြင်ဘူးနော်။ လူတိုင်း မြင်တာမဟုတ်ဘူး။ "ချစ်ခင်မှုသည် ပျော်ရွှင်မှုကိုပေးတယ်" လို့ပဲ ဒီလိုပဲပြောကြတယ်။

ဒါကြောင့်မို့ အနောက်တိုင်းက လူတွေလည်း ရေးကြတယ်လေ။ အချစ်မရှိတဲ့လောက ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ ဟုတ်ကဲ့လား။ လူ့လောကမှာ ချစ်ခင်မှု၊ တွယ်တာမှု၊ နှစ်သက်မြတ်နိုးမှုနဲ့ လူတွေဟာ လူ့ဘဝမှာ နေကြထိုင်ကြတယ်။ အဲဒီလို နေကြထိုင်ကြတာတွေကို အကြောင်းပြုပြီးတော့ ဒီလို အဆင်ပြေနေတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ "**ပိယတော ဇာယတေ သောကော**"ဆိုတဲ့ ဗုဒ္ဓမြတ်စွာရဲ့ဟောပြောချက် အတွေးအခေါ်တစ်ရပ်ကို လက်ခံကောင်းမှလက်ခံမယ်။ အခုမှ လက်မခံတာမဟုတ်ဘူး၊ ရှေးတုန်းကလည်း လက်မခံခဲ့တာ ရှိခဲ့တယ်ပေါ့။

http://www.dhammadownload.com



အဲဒီမှာ "ပိယ" ဆိုတဲ့ သဘောတရားကို အရင်ကြည့်ရအောင်။ ပိယဆိုတာ မိမိမြတ်နိုးတဲ့ အရာဝတ္ထုလေးတစ်ခုပဲ။ အဲဒါကို အသုံးပြုနေရရင် ပျော်ရွှင်ချမ်းမြေ့တယ်။ ဥပမာမယ်- ပန်းကလေးနှစ်သက်တဲ့ ပုဂ္ဂိုလ်က ထိုပန်းပွင့်လေးတွေ ပန်းအိုးလေးတွေ မိမိအနားမှာ ရှိနေလို့ရှိရင် ပျော်ရွှင်ချမ်းမြေ့မှုကိုရတယ်၊ လူ့အသုံးအဆောင်တွေထဲကလည်း ကိုယ်ကြိုက်နှစ်သက်တဲ့ အသုံးအဆောင်တွေ ကိုယ့်ဆီမှာရှိနေမယ်ဆိုရင် ဒါလေးကို တကြည့်ကြည့် တသသနဲ့ ပျော်ရွှင်ချမ်းမြေ့မှုကိုရကြတယ်။

ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ ပြောမယ်ဆိုရင် တိရစ္ဆာန်ချစ်တတ်တဲ့ ပုဂ္ဂိုလ်ကိုကြည့်၊ ခွေးလေးတွေ ကြောင်လေးတွေ အိမ်မှာမွေးထား၊ ထိုခွေးလေးတွေ ကြောင်ကလေးတွေနဲ့ ကိုင်ရတွယ်ရ အတူတကွ နေရတယ်ဆိုရင် ကျေနပ်ပျော်ရွှင်နေတယ်၊ ကျေနပ်နေတယ်။ လူပုဂ္ဂိုလ်ဆိုလည်း ထို့အတူပဲ။ စိတ်ထဲမှာ မြင်နေရ၊ ကြားနေရ၊ တွေးနေရလို့ရှိရင် စိတ်ရဲ့ကြည်နူးမှုကို ရနေတာပဲ။ အဲဒီ

http://www.dhammadownload.com



ပိယ လို့ဆိုတဲ့ အရာဝတ္ထု၊ ပုဂ္ဂိုလ်၊ သတ္တဝါကို အကြောင်းပြုပြီး စိတ်ထဲမှာ ကြည်နူးမှုဆိုတာ ဖြစ်ပေါ်လာတဲ့အခါ ထိုကြည်နူးမှုကို ကြိုက်နှစ်သက်တဲ့ တွယ်တာစွဲလန်းမှု ဆိုတဲ့ တဏှာဆိုတာ လာတယ်။

အဲဒီ ကြိုက်နှစ်သက်တဲ့ တွယ်တာစွဲလန်းမှုဆိုတဲ့ တဏှာ လာပြီဆိုတာနဲ့ သောကဖြစ်ဖို့ အခြေအနေ တစ်ခုကို တာစူနေပြီ။ မိမိချစ်ခင်အပ်တဲ့၊ မြတ်နိုးအပ်တဲ့ ပစ္စည်းဝတ္ထုဆိုတာ ထာဝရရှိနိုင်ပါ့မလား၊ မရှိနိုင်ဘူး။ ချစ်ခင်မြတ်နိုးအပ်တဲ့ပုဂ္ဂိုလ် ဆိုတာလည်းပဲ ကိုယ့် အလိုကျအတိုင်း ထာဝရရှိနိုင်ပါ့မလား၊ မရှိနိုင်ဘူး။ မရှိလို့ တစ်စုံတစ်ခု အပြောင်းအလဲဖြစ်သွားပြီဆိုရင် သောက ဝင်လာတော့တာပဲ။

မပြောင်းလဲခင်က ဘာတွေ တွက်ထားတုန်းဆိုရင် "**ငါ့ မမ**" ဒါ ငါ့ဟာ, ငါပိုင်တယ်, ငါ့ပစ္စည်း, ငါ့သား, ငါ့သမီး စသဖြင့် တွယ်တာမှုလေးတွေ မရှိဘူးလား၊ အဲဒီတွယ်တာမှုလေးတွေဟာ ပြောင်းလွဲသွားပြီ ဆိုလိုက် တာနဲ့ တစ်ပြိုင်နက် အဲဒီအချိန်မှာ သောက လာပြီ။

http://www.dhammadownload.com



အကယ်၍သာ ဒီအတိုင်းရှိနေမယ် ဆိုလို့ရှိရင် သောက လာဦးမှာမဟုတ်သေးဘူး။

ဒါကြောင့်မို့ သောကဟာ **"ဉာတိဗျသန"** မိမိ ချစ်ခင်တဲ့ ဆွေတွေမျိုးတွေ ဒါတွေပျက်စီးတော့မယ် ဆိုတဲ့ အနေအထားရှိရင် စိုးရိမ်ရတယ်။ ပျက်စီးသွားပြီ ဆိုလို့ရှိရင်လည်းပဲ စိုးရိမ်သောက ရောက်ကြတယ်။ အဲဒါ တွေဟာ အနီးကပ် အကြောင်းတရားတွေပဲ။ ရင်တွင်း မဆံ့ ပူလောင်တဲ့ သောက ဖြစ်ရတယ်၊ အားလုံး ကြားဖူး ကြတဲ့အထဲမယ် ပဋာစာရီရဲ့ သောကဟာ အပြင်းထန် ဆုံးလို့ ဒီလိုပြောရမယ်။ ပဋာစာရီဟာ အားလုံးသိကြတဲ့ အတိုင်း နံပါတ်(၁) အားကိုးတကြီး ရှိရတဲ့ လင် ယောက်ျား ဆုံးသွားတယ်၊ တောကြီး မျက်မည်းမှာ ဆုံးသွားတဲ့အတွက် အားကိုးရာ မရှိဘူး၊ လူမမယ် သား ကလေးနှစ်ယောက်နဲ့ ဒုက္ခရောက်တယ်၊ တွေးကြည့် ပေါ့၊ သူ့ရဲ့ဒုက္ခကို ခံစားကြည့်၊ ဘယ်လောက်ကြီးလဲ။

နောက်တစ်ခု၊ အဖော်ပြုလာတဲ့ သားကလေး နှစ်ယောက်စလုံး တစ်ပြိုင်နက်နီးပါး မိမိမျက်စိအောက်

http://www.dhammadownload.com



မှာ အသက်ပျောက်သွားကြတယ်။ သူ့မြင်ကွင်းက လုံးဝ ပျောက်ကွယ်သွားကြတယ်။ သူတစ်ယောက်တည်း ကျန် တော့တယ်။ သို့သော် အားကိုးရာလေး ကျန်နေသေး တယ်။ အိမ်မှာ အမေရှိတယ်၊ အဖေရှိတယ်၊ မောင် ကလေးတစ်ယောက်ရှိတယ်။ သူ့စိတ်ထဲက ဒါလေးနဲ့ သူ့စိတ်လေးကို ထိန်းလို့ရသေးတယ်။ နောက်ဆုံး ကျတော့ သူအားကိုးမလို့ကြံထားတဲ့ သူ့အမေ၊ သူ့ အဖေ၊ သူ့မောင်ကလေးတို့ ဆိုတာဟာ တစ်ပြိုင်နက် သေဆုံးသွားကြလို့ မရှိတော့ဘူး။ သူ ဆုံးရှုံးသွားတာ သူအားကိုးနေတဲ့ လူ(၆)ယောက် တစ်ယောက်မှ မရှိ တော့ဘူး။ အဲဒီအချိန်မှာ သူ့ရဲ့ **“ဒေါမနဿဝေဒနာ”** ဟာ ရင်ထဲကို တက်ဆောင့်ပြီးတော့ အင်မတန်ပြင်းထန် တဲ့ သောကကြီးဖြစ်သွားတယ်ပေါ့။ နောက်ဆုံးမှာ **“သောကုမ္မတ္တက”** သောကကြောင့် ရူးသွားတဲ့ အရူး သည်မဘဝ ရောက်သွားတယ်မလား။

ပဋာစာရီမှာ သူ့ယောက်ျားမှ သေတာမဟုတ်ဘူး၊ ဒီပြင်လူတွေရောသေတာ မရှိဘူးလား၊ ရှိတယ်။ သူ့သား

http://www.dhammadownload.com



သူ့ သမီးမှ သေတာမဟုတ်ဘူး၊ ဒီပြင်လူတွေရော မသေဘူးလား၊ သေတယ်။ သူ့မိဘတွေမှသေတာ မဟုတ်ဘူး၊ ဒီပြင်လူတွေလည်းသေတာပဲ။ သို့သော် ဒီပြင်ပုဂ္ဂိုလ်တွေကို သူထည့်ပြီးမစဉ်းစားဘူး၊ ဒီပြင်ပုဂ္ဂိုလ်တွေက သူ့ရဲ့ ပိယပုဂ္ဂိုလ် မဟုတ်ဘူး၊ သူ့ရဲ့ ပိယပုဂ္ဂိုလ်က အဲဒီ(၆)ယောက်ပဲ။ အဲဒီ (၆)ယောက်ကို အားကိုးမလို့ ရှိနေတဲ့အချိန်မှာ သူဟာ စိတ်မထိန်းနိုင်ဘဲနဲ့ ဒေါမနဿဝေဒနာ- စိတ်ထဲမှာ ခံစားမှုဟာ ပြင်းထန်လာတဲ့အခါကျတော့ သောကဖြစ်ပြီးတော့ အရူးသည်မဘဝ ရောက်သွားတာ။

ကဲ၊ နောက် တစ်ဝတ္ထုရှာကြည့်လိုက်။ ဒါ လူသိများပြီးသား ဝတ္ထုတွေပဲ။ ဂေါတမီဆိုတဲ့ အမျိုးသမီးလေး၊ ပိန်ပိန်ပါးပါးလေး၊ သူများထက်ပိုပြီးတော့ပိန်လို့ ကိသာလို့ခေါ်တယ်။ ကိသာဂေါတမီ။ နာမည်ဆိုးဆိုးနဲ့ပြောရင်တော့ ပိန်မဂေါတမီ ပေါ့နော်။ ဂေါတမီဆိုတဲ့ ပိန်မ။ ပိန်နေတဲ့ ကလေးမလေး။ မျိုးရိုးက သူဌေးမျိုး ဖြစ်ပေမယ့်လို့ ကံမကောင်း အကြောင်းမလှတော့ ပစ္စည်းဥစ္စာ

http://www.dhammadownload.com



တွေ ဆုံးပါးသွားပြီး ဆင်းရဲနွမ်းပါးတဲ့ဘဝ ရောက်သွားတယ်။ သို့သော် သူ့ကုသိုလ်ကံလေးက အရှိန်မကုန်သေးတော့ သူဌေးသားတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ အိန္ဒိယနိုင်ငံရဲ့ထုံးစံ၊ အမျိုးသမီးတစ်ယောက်ဟာ ကိုယ့်ယောကျ်ားပိုင်ဆိုင်တဲ့ ပစ္စည်းတိုင်း ပိုင်ဆိုင်ခွင့် မရှိဘူး။ အမျိုးသမီးတွေက အိမ်ထောင်ပြုချင်တယ် ဆိုလို့ရှိရင် ဒီကနေ့အထိ အိန္ဒိယမှာ "ဒေါင်ရီ" ဆိုတဲ့ စနစ်ရှိတယ်။ မြန်မာပြည်နဲ့ စနစ်ချင်းမတူဘူး။ "ဒေါင်ရီ" ဆိုတာ အမျိုးသမီးကနေပြီးတော့ အမျိုးသား တစ်ယောက်ကို အိမ်ထောင်ပြုတယ်ဆိုရင် ပေးရတဲ့ ဥစ္စာခနဲ ဖြစ်တယ်။ ပိုက်ဆံတတ်နိုင်မှ အိမ်ထောင်ပြုလို့ရတယ်။ သူတို့ခေတ်ကနော်။ အဲဒီအမျိုးသမီးဟာ သားသမီး မထွန်းကားဘူး ဆိုလို့ရှိရင်လည်း ဒီပစ္စည်းတွေ ပိုင်ဆိုင်ခွင့်မရှိဘူး။ သားသမီး ထွန်းကားမှ ပိုင်ဆိုင်ခွင့်ရှိတယ်။

ဒီလို ဂေါတမီဟာ ဆင်းရဲသူမဘဝရောက်ပြီး သူဌေးသားတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်၊ ကံကောင်းလို့သူက သားကလေးတစ်ယောက် ရလာတယ်။

http://www.dhammadownload.com



ဘယ်လောက်အားကိုးစရာကောင်းလဲ၊ ဒီ သားကလေး တစ်ယောက် ရ,ထားတာ သူ့ဘဝအတွက် လုံခြုံတယ်၊ မြန်မာပြည်နဲ့မတူဘူးနော်။ သူ့ဘဝအတွက် သားကလေး ရ,ထားလို့ရှိရင် ကျန်တဲ့ပစ္စည်းတွေ သားကလေးက ပိုင်ဆိုင်ခွင့်ရှိသည့်အတွက်ကြောင့် သားကလေးကိုမှီပြီး သူဟာ ဘဝမရပ်တည်နိုင်ပေဘူးလား။

ကဲ-သားကလေးအပေါ်မှာ သားအဖြစ် ချစ်တာကတစ်မျိုး၊ ဘဝအတွက် အားကိုးရတာကတစ်မျိုး၊ နှစ်မျိုး မရှိပေဘူးလား။ အေး-သားကလေးက ဘဝအတွက်လည်းပဲ အားကိုးရတယ်၊ ချစ်မြတ်နိုးရတာကတစ်ခု၊ အားကိုးရတာကတစ်ခု။ အဲဒီလို တယုတယနေရတဲ့သားကလေး သူ့မြင်ကွင်းက ပျောက်သွားတယ်၊ သေဆုံးသွားတယ်။ သူလည်းပဲ အကြီးအကျယ်သောကဖြစ်တယ်ပေါ့။ သားကလေးသေလို့ သောကဖြစ်တာကတစ်ခု၊ ဘဝနောင်ရေးအတွက် အာမခံ ပျက်သွားတာကတစ်ခု။ ဘာနဲ့ဥပမာတူတုန်းဆိုရင် စိန်ထုပ်ကြီး ပိုက်လာတဲ့လူက စိန်ထုပ်ကြီး ပျောက်သွားသလို

http://www.dhammadownload.com



မနေပေဘူးလားနော်။ ဒီသားကလေးအပေါ်မှာမှီပြီး တော့ အသက်မွေးဖို့ ကြိုးစားနေတဲ့အချိန်မှာ သား ကလေးက သေသွားတယ်ဆိုတော့ သူ့ရဲ့မျှော်လင့်ချက် တွေ hopeless ဖြစ်သွားပြီတဲ့၊ ဘာမှ မျှော်လင့်ချက် မရှိတော့ဘူး။

လူတွေမှာ သောကဆိုတာ အဲဒီအချိန်မှ လာတာ၊ ဟုတ်ကဲ့လား။ သောကဆိုတာ အဲဒီအချိန်မှ လာတာ။ အဲဒီ ကွက်လပ်လေးကိုမမြင်ဘူး။

မြတ်စွာဘုရားက အေး- ကောင်းပြီ၊ သောက ဆိုတာ ဒီအချိန်မှာ လာတယ်ဆိုတာ ဒီသောကဟာ ဘယ်သူ့ကိုအခြေခံပြီးတော့ လာတာတုန်းဆိုရင် ချစ်ခင် တဲ့ပုဂ္ဂိုလ်၊ ချစ်ခင်တဲ့ပစ္စည်းဝတ္ထုကို အခြေခံတာ။ အဲဒါ ချစ်ခင်တဲ့ပစ္စည်း၊ ချစ်ခင်တဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်သူလဲ၊ ဘာကြောင့်ချစ်တာလဲ၊ ဘယ်သူက ချစ်တာလဲလို့ မေးလို့ ရှိရင် တဏှာကချစ်တာပေါ့။ အဲဒီတဏှာကို လူတိုင်းက မမြင်ဘူး။ ဒါကြောင့်မို့ အတွယ်အတာရှိတဲ့ နေရာတိုင်း

http://www.dhammadownload.com



သောကဖြစ်တယ်။ ဘုန်းကြီးတို့တတွေ အားလုံးလည်း စဉ်းစားပြီးတော့ကြည့်ပေါ့။

ရန်ကုန်မြို့ကြီးမှာ နေ့စဉ်နှင့်အမျှ သေဆုံးမှုတွေ ရှိနေကြတယ်။ ကမ္ဘာလောကကြီးမှာလည်းပဲ နေ့စဉ်နှင့် အမျှ သေဆုံးနေကြတာတွေရှိတယ်။ သို့သော် "ငါ့အမျိုး၊ ငါ့မိတ်ဆွေ၊ ငါ့သား၊ ငါ့သမီး" ဆိုတဲ့ သတ်မှတ်ချက် မရှိတဲ့ပုဂ္ဂိုလ် သေဆုံးလို့ရှိရင် ဘာဖြစ်လဲ၊ ဘာမှမဖြစ်ဘူး၊ ဟုတ်ကဲ့လား။ သတ်မှတ်ချက်က လွတ်တယ်၊ ပိယဆိုတဲ့ ပုဂ္ဂိုလ်မဟုတ်လို့။ ပိယ မဟုတ်သည့်အတွက်ကြောင့် ဘာမှမဖြစ်ဘူး။

ကဲ-ကိုယ့်အသိုင်းအဝိုင်းထဲက ကိုယ့်မိတ်ဆွေဆိုရင် နည်းနည်းတုန်လှုပ်လာပြီ၊ ကိုယ့်မိသားစုထဲကဆိုရင် ပိုပြီး မတုန်လှုပ်ဘူးလား၊ တုန်လှုပ်လာပြီ။ ဘာကြောင့်တုန်း ဆိုရင် ပိယရဲ့ level တွေ ဒီဂရီတွေ အတိုင်းအတာ တွေက ပိုမြင့်လာတယ်ပေါ့။ ဒါကြောင့်မို့ မြတ်စွာဘုရား က ဟောတာ "**ပိယတော ဇာယတေ သောကော**"။ ဒါ တိုက်ရိုက်နားလည်ဖို့ရာ ဖြစ်တယ်။

http://www.dhammadownload.com



အေး၊ ဒါကြောင့်မို့လို့ **"ပိယတော ဇာယတေ သောကော"** လောကမှာ လူတွေရနေတဲ့ သောက ဆိုတာ မြတ်နိုးတဲ့ ပစ္စည်းဝတ္ထု၊ မြတ်နိုးတဲ့ ပုဂ္ဂိုလ် သတ္တဝါဆီက လာတာလို့ ဒီလိုပြောလို့ရတယ်ပေါ့။

ဒါနဲ့ ပတ်သက်ပြီး မဇ္ဈိမနိကာယ် (မတိုမရှည် အလယ် အလတ် သုတ္တန်တွေကို စုပေါင်းထားတဲ့ မဇ္ဈိမနိကာယ) သုတ်ပေါင်း(၁၅၂)သုတ်ရှိတယ်။ အဲဒီ သုတ်ပေါင်း (၁၅၂) သုတ်ထဲမှာ "ပိယဇာတိကသုတ်" ဆိုတာ မြတ်စွာဘုရား ဟောထားတာရှိတယ်။

အဲဒီ ပိယဇာတိကသုတ်မှာ ဟောထားတဲ့ စကား က ဘာလဲ၊ "ပိယဇာတိကာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ ပိယပ္ပဘဝါ"။ အဓိပ္ပာယ်က "သောကဆိုတဲ့ စိုးရိမ်မှု၊ ပရိဒေဝဆိုတဲ့ ငိုကြွေးရမှု၊ ဒုက္ခလို့ဆိုတဲ့ ကိုယ်ဆင်းရဲရမှု၊ ဒေါမနဿလို့ဆိုတဲ့ စိတ်ဆင်းရဲရမှု၊ ဥပါယာသလို့ဆိုတဲ့ စိတ်ပင်ပန်းမှု ဒေါသ၊ ဒီဒုက္ခတွေဟာ ချစ်ခင်မှုကြောင့်ဖြစ်လာတာ။

http://www.dhammadownload.com



ချစ်ခင်မှုက အစပျိုးလာတာ” လို့ မြတ်စွာဘုရားက ဒီလိုဟောတယ်။

အဲဒီတော့ **“ပိယတော ဇာယတေ သောကော”** ဆိုတာနဲ့ တစ်ထပ်တည်းပါပဲ။ **“ပိယတော ဇာယတေ သောကော”** ဆိုတာတော့ ဓမ္မပဒထဲက ဂါထာလေးထဲက ဂါထာတစ်ပုဒ်ပေါ့။ အဓိပ္ပာယ်အတူတူပဲ။ မြတ်စွာဘုရားကဟောတယ် “စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်စိတ် ဆင်းရဲရခြင်း၊ စိတ်မချမ်းမသာဖြစ်ရခြင်း၊ စိတ်နှလုံးပင်ပန်းရခြင်းဆိုတဲ့ ဒုက္ခတွေအားလုံးဟာ ပိယကစလာတာ”တဲ့။ ပိယကို အခြေပြုပြီးတော့ ပိယကို မြစ်ဖျားခံလာပါတယ်။

အဲဒီသုတ္တန်လေး ဖြစ်ပေါ်လာပုံနဲ့ မြတ်စွာဘုရားကိုယ်တိုင် ဒီစကားလုံးကို ရှင်းပြခဲ့ရတာ အင်မတန်မှ မှတ်သားစရာကောင်းတယ်။

သာဝတ္ထိပြည်က ဂဟပတိ ဒကာကြီးတစ်ယောက် (ဥပါသကာ လို့ မဆိုတော့ ဗုဒ္ဓဘာသာ ဟုတ်ကောင်းမှ ဟုတ်မယ်) အဲဒီ ဂဟပတိ ဒကာကြီးမှာ အင်မတန်

http://www.dhammadownload.com



ချစ်လှတဲ့ သားကလေးတစ်ယောက် ရှိတယ်။ ထို သားလေးဟာ ကံကြမ္မာအလျောက်ပဲ သေဆုံးသွား တယ်။ သားကလေးအပေါ် တတမ်းတတနဲ့ နေ့စဉ်နဲ့ အမျှ သင်္ချိုင်းသွားပြီးတော့ ငိုယို ပူဆွေးသောက ဖြစ်နေ တယ်။

တစ်နေ့ကျတော့ မြတ်စွာဘုရားက ဇေတဝန် ကျောင်းနားက သစ်ပင်တစ်ပင်ရင်းမှာ ထိုင်နေတဲ့ သဘောရှိတယ်။ အဲဒီ ဒကာကြီးက အနားရောက် လာပြီး မြတ်စွာဘုရားထံ ချဉ်းကပ်တယ်။ မျက်နှာ မသာ မယာ ညှိုးညှိုးငယ်ငယ်နဲ့ ဘုရားရှေ့မှာလာပြီးထိုင်တဲ့ အခါ မြတ်စွာဘုရားက မေးတယ်၊ "ဒကာ ဘယ့်နဲ့လဲ၊ မျက်နှာမသာမယာနဲ့ စိတ်ချမ်းသာတဲ့ပုံမရှိဘူး၊ ရုပ်ပုံ ကွန့်မြူတွေကြည့်ရတာ စိတ်မချမ်းသာဘူးနဲ့တူတယ်" ညှိုးညှိုးငယ်ငယ်နဲ့ ထိုင်နေတဲ့ ဒကာကြီးကိုမေးလိုက် တော့ သူက ဘာပြန်ပြောတုန်းဆို "အရှင်ဘုရားတဲ့၊ ဘယ်မှာ ချမ်းသာမတုန်း၊ တပည့်တော်မှာ တစ်ဦးတည်း သော ချစ်လှစွာသော သားကလေးတစ်ယောက် ဆုံးရှုံး

http://www.dhammadownload.com



သွားတယ်။ မကြာခင်က သေဆုံးသွားလို့ နေ့စဉ်နဲ့အမျှ သချိုင်းသွားပြီးတော့ ငိုနေရတယ်” လို့ပြောတယ်။

မြတ်စွာဘုရားက ဒီစကားလေးကို ပြန်မိန့်လိုက်တယ်၊ “ဒကာကြီး၊ စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲရခြင်း၊ စိတ်ဆင်းရခြင်း၊ စိတ်နှလုံး ပင်ပန်းခြင်းတို့ဆိုတာဟာ ချစ်ခင်မှု ပိယကနေ စတင်လာတာပါ”တဲ့၊ ချစ်ခင်မှုက အစပြုတာပါ၊ ချစ်ခင်မှုကြောင့် ဖြစ်လာတာပါလို့ မြတ်စွာဘုရားက ဒီစကားပြောလိုက်တယ်။

အဲဒီဒကာက လက်မခံဘူး၊ ချက်ချင်းကန့်ကွက်တယ်။ “အရှင်ဘုရား၊ ဒါ မဟုတ်နိုင်ဘူး၊ ချစ်ခင်မှု ပိယပုဂ္ဂိုလ်၊ ပိယဝတ္ထုကို အကြောင်းပြုပြီးတော့ ပျော်ရွှင်မှု၊ ဝမ်းသာမှုသာ ဖြစ်နိုင်တယ်” သောကဖြစ်တယ်ဆိုတာ သူလက်မခံဘူး၊ လက်မခံဘူးဆိုပြီးတော့ ဘုရားဟောတာကို ငြင်းပယ်ပြီး နေရာကနေထသွားတယ်။

မလှမ်းမကမ်း ဇေတဝန်ကျောင်းနားက အရိပ်အာဝါသတစ်ခုမှာ လာပြီးတော့ လောင်းကစားနေကြ

http://www.dhammadownload.com



တဲ့ ကစားသမားတစ်စုကလည်း ရှိသတဲ့၊ ဘုရားနဲ့ ခပ်လှမ်းလှမ်းတင်ပဲနေ၁်၊ လာပြီး ကစားနေကြတာ။ ဖဲရိုက်တာလား၊ ကြွေအံကစားတာလား တစ်ခုခုပေါ့။ အဲဒီလို ကစားနေတဲ့ လူတွေဆီကို သူကသွားတယ်။ သူက ရင်ဖွင့်တယ်ပေါ့၊ “ငါကွာတဲ့၊ ရဟန်းဂေါတမက ဒီလိုပြောတာကို ငါလက်မခံဘူး၊ ငြင်းလာခဲ့တယ်၊ ရဟန်း ဂါတမက ပြောတယ်၊ ‘အေး၊ စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲရခြင်း၊ စိတ်ဆင်းရဲရခြင်း၊ စိတ်နှလုံး ပင်ပန်း ရခြင်းဆိုတာ ချစ်ခင်မှုကြောင့်ဖြစ်တာ၊ ချစ်ခင်တဲ့ပုဂ္ဂိုလ် ကြောင့်ဖြစ်ရတာ’ ငါကငြင်းခဲ့တယ်၊ လက်မခံဘူး။

ဟိုလူတွေကလည်း “ဟာ၊ သူဌေး ဟုတ်တာပေါ့၊ ခင်ဗျားပြောတာမှန်တယ်” ပေါ့။ အရက်သမားတွေ ကစားသမားတွေကလည်း သူ့ကိုထောက်ခံတယ်၊ ဟုတ် တယ်၊ မြတ်စွာဘုရားဟောတော်မူတာက “ချစ်ခင်မှု၊ ချစ်ခင်ရတဲ့ ပုဂ္ဂိုလ်ကို အကြောင်းပြုပြီးတော့ သောက ဖြစ်ရတယ်” ဒီစကားလုံးလေးဟာ ထိုခေတ်က တယ်ပြီး ကြားရသေးပုံမပေါ်ဘူး။ မပေါ်သည့်အတွက် အဲဒီ

http://www.dhammadownload.com



စကားဟာ တဖြည်းဖြည်းနဲ့ တစ်ယောက်ကပြော၊ တစ်ယောက်ကပြောနဲ့ ကျယ်ပြန့်သွားတယ်။ တချို့က လက်မခံဘူး၊ တချို့က လက်ခံတယ်။ ဒီလို လက်ခံသူနဲ့ လက်မခံသူတွေ တီးတိုးတီးတိုးပြောရင်းနဲ့ ဘယ်ထိအောင် ရောက်သွားတုန်းဆို ဒီစကားဟာ နန်းတော်ထိအောင် ရောက်သွားတယ်။ ပသေနဒီကောသလမင်းကြီးနား ရောက်သွားတယ်။

ဒီစကားက အခုချိန်သာ ရိုးနေတာ၊ အဲဒီအချိန်တုန်းက တော်တော်ထူးဆန်းတဲ့စကားတစ်ခု ဖြစ်နေတယ်၊ "ချစ်ခင်နှစ်သက်မှုကြောင့် သောကဖြစ်ရတယ်" ဆိုတာ ယူတိုင်းမသိဘူး၊ အားလုံးသိထားတာက ချစ်ခင်နှစ်သက်မှုကြောင့် ပျော်ရွှင်ရတယ်၊ ဝမ်းသာရတယ်၊ ကြည်နူးရတယ်ပေါ့။ ဒါပဲသိတယ်၊ နေစမ်းပါဦး၊ ဗမာသီချင်းတွေထဲမှာပါလား၊ ချစ်ခင်မှုကြောင့် စိုးရိမ်ရတယ်၊ ပူဆွေးရာယ်လို့ပါလား၊ ပျော်ရတယ်ပဲပါတယ် ထင်တယ်နော်။ ကြည်နူးရတယ်ပဲပါတယ်။ အေး၊ အခုခေတ်တော့ သီချင်းတွေက အမျိုးမျိုးဆိုကြတာပဲ၊ ချစ်ခင်မှုနဲ့

http://www.dhammadownload.com



ပတ်သက်ပြီးတော့ ဘယ်အချိန်ကျမှ ငိုရတုန်းဆိုရင် လက်လွတ်ဆုံးရှုံးပြီ ဆိုတဲ့အခါ ဘာတဲ့ အသည်းတွေ ကွဲကုန်တာတို့၊ အသည်းတွေကြေမွကုန်တာတို့၊ ဒါပေမယ့် အသည်းကွဲရင် အသက်ရှင်ပါ့မလား၊ မရှင်ဘူး နော်။

အေး၊ ဒီစကားလုံးဟာ နန်းတော်အထိအောင် ရောက်သွားတဲ့အခါ ကောသလမင်းကြီး ဆိုတာကလည်း အသိဉာဏ်က ခပ်နည်းနည်း၊ သူက "**သောကံ မန္တာတုကော**" တဲ့၊ နည်းနည်းဉာဏ်လေးတယ်။ စဉ်းစားဉာဏ် သိပ်မသွက်လက်ဘူး၊ သူကလည်းပဲ ချစ်သူခင်သူကြောင့် သောကဖြစ်တယ်ဆိုတာကို လက်မခံဘူး။

လက်မခံတော့ ဒီစကားကို မလ္လိကာ မိဖုရားကြီး ကိုပြောတယ်။ "မလ္လိကာတဲ့၊ ရဟန်းဂေါတမကသောက ဖြစ်တာဟာ ချစ်ခင်ခြင်းကစတယ်လို့ ဟောတယ် ဆိုပါလား၊ ဒီစကား တို့နန်းတော်ထဲရောက်လာဝယ်၊ ဒါ မဖြစ်နိုင်ဘူး" မလ္လိကာက ဘာပြောတုန်းဆိုတော့ "အရှင်

http://www.dhammadownload.com



မင်းကြီးတဲ့၊ ဘုရားဟောတဲ့စကားဆိုရင် မမှားပါဘူး” မြတ်စွာဘုရား တကယ်ဟောရိုးမှန်ရင် မမှားဘူး။

ကြည့်-ဉာဏ်ရှိတဲ့သူနဲ့ မရှိတဲ့သူ ကွာတယ်နော်။ ဉာဏ်မရှိတဲ့သူက အပေါ်ယံတွေးကြည့်လိုက်လို့ရှိရင် ချစ်ခင်နှစ်သက်မှုကြောင့် သောက ဖြစ်တယ်ဆိုတာ လက်မခံဘူး၊ ချစ်ခင်နှစ်သက်မှုကြောင့် ပျော်ရတယ်၊ ရွှင်ရတယ်၊ ကြည်နူးရတယ်၊ ဒါပဲသိတယ်။ တစ်ဆင့်တက် စဉ်းစားရမှာ။ အဲဒီမှာ မလ္လိကာမိဖုရားက ဘုရားဟောရင် မှန်တယ်လို့ပြောတော့ ဘုရင်ကြီးက စိတ်ဆိုးတယ်၊ “မင်းကလဲကွာ ဆရာနဲ့တပည့် ကျနေတာပဲ” ဆရာက ဘာပြောပြော တပည့်က “ဟုတ်ကဲ့ဆရာ၊ ဟုတ်ကဲ့ဆရာ” မနေဘူးလား။ ဟုတ်ကဲ့ဆရာ၊ ဟုတ်ကဲ့ဆရာနဲ့ ဆရာကိုပြန်မပြောရဲဘူး၊ မမေးရဲတော့ ဟုတ်ကဲ့ဆရာနဲ့ လုပ်ကြတယ်။ အဲဒါလိုပဲတဲ့ ရဟန်းဂေါတမက ဘာပြောလိုက်ပြောလိုက် ဘုရားပြောရင် မှန်တယ်ချည်းပဲ ပြောတယ်ဆိုပြီး ဘုရင်ကြီးဟာ စိတ်ဆိုးတယ်။

http://www.dhammadownload.com



မလ္လိကာမိဖုရားကြီးက ဒါ ဘုရားဟောတာ ဟုတ် မဟုတ် စုံစမ်းပြီး သူ confirm လုပ်မယ်ပေါ့၊ ဘုရားဟောတာဆိုရင်မှန်ရမယ်၊ သူကတော့တထစ်ချယုံကြည်ထားပုံရတယ်။ သူကိုယ်တိုင်လည်း မဆုံးဖြတ်ဘူး၊ ဘုရားဟောတာဟုတ်မဟုတ် တမန်တစ်ယောက်ကို လွှတ်လိုက်တယ်၊ 'နာဠိဇင်္ဃ'ဆိုတဲ့ ပုဏ္ဏားကြီးကိုခေါ်တယ်၊ ပြောတတ် ဆိုတတ် ယဉ်ယဉ်ကျေးကျေးဆက်ဆံတတ်တဲ့ 'နာဠိဇင်္ဃ' ကို ဘုရားဆီလွှတ်လိုက်တယ်။ "ဘုရားဆီသွား၊ သွားပြီးတော့ ဒီစကားကို ဘုရားဟောတာ ဟုတ်မဟုတ် လျှောက်ခဲ့" သွားပြီးတော့လျှောက်ခိုင်းတယ်။ 'နာဠိဇင်္ဃ'က ကျောင်းတော်သွားပြီး မြတ်စွာဘုရားကိုလျှောက်တယ်။ "အရှင်ဘုရားတဲ့၊ **ပိယဇာတိကာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ ပိယပ္ပဘဝါ** ဆိုတဲ့ ဒီစကားကို အရှင်ဘုရားဟောတာ ဟုတ်မဟုတ်"

"ဟုတ်တာပေါ့တဲ့၊ ငါပြောလိုက်တယ်တဲ့။ အဲဒီစကားကို ဒကာတစ်ယောက်ကို ငါပြောတာဟုတ်တယ်၊

http://www.dhammadownload.com



ဘာဖြစ်လို့ပြောတာတုန်းဆိုရင် သာဝတ္ထိပြည်က တကယ့်ဖြစ်ရပ်တွေရှိတယ်ဆိုပြီး မြတ်စွာဘုရားက ထုတ်ပြတယ်နော်။

မြတ်စွာဘုရားက ဓမ္မရှုထောင့်ကတင် ဟောတာ မဟုတ်ဘူး၊ ကိုယ်တိုင်သိနိုင်တဲ့ ရှုထောင့်ကနေ မြတ်စွာဘုရားဟောတာ၊ တကယ့်အဖြစ်အပျက်တွေကို မြတ်စွာဘုရား ထုတ်ပြတယ်။

"ငါပြောမယ်တဲ့၊ ဟောဒီ သာဝတ္ထိပြည်မှာဖြစ်ခဲ့တဲ့ တကယ့်ဖြစ်ရပ်အမှန်တွေကို ငါပြောပြမယ်၊ ဘုရားဟောတဲ့ တကယ့်ဖြစ်ရပ်အမှန်ဟာ (၁၅)ပုဒ်ပါတယ်။ အကျဉ်းချုပ်ပြီးတော့ ပြောရမယ်ဆိုလို့ရှိရင် ဟောဒီ သာဝတ္ထိပြည်က အမျိုးသမီးတစ်ယောက်ဟာ အမေဆုံးသွားတယ်၊ အဖေဆုံးသွားတယ်၊ အဖေဆုံးသွားတဲ့ အမျိုးသမီး ရှိတယ်၊ အမေဆုံးသွားတဲ့ အမျိုးသမီး ရှိတယ်ပေါ့။ ယောကျ်ားဆုံးသွားတယ်၊ သားဆုံးသွားတယ်၊ သမီးဆုံးသွားတယ်၊ မောင်ဆုံးသွားတယ်၊ ညီမ ဆုံးသွားတယ်၊ နောက် အမျိုးသားတစ်ယောက်ကလည်း ထို့အတူပဲ

http://www.dhammadownload.com



ဆုံး, ဆုံးသွားကြတယ်။ အဲဒီ သေဆုံးမှုတွေနဲ့ ပတ်သက်ပြီးတော့ သာဝတ္ထိပြည်မှာ အမျိုးသမီး တစ်ယောက်ဟာ သူ့အမေ ဆုံးသွားတဲ့အခါမှာ ဘာဖြစ်သွားတုန်းဆို သောကတွေတအားဖြစ်ပြီးတော့ ရူးသွပ်သွားတယ်။ လမ်းပေါ်ရောက်သွားတယ်၊ လမ်းပေါ်မှာ လူတကာကို "အမေနဲ့မတွေ့ခဲ့ဘူးလား၊ အမေ့ကို မမြင်လိုက်ဘူးလား" လျှောက်ပြီးတော့မေးနေတယ်။ လူတွေ့တိုင်း အမေ့ကို မမြင်ခဲ့ဘူးလား၊ အမေနဲ့ မတွေ့ခဲ့ဘူးလားနဲ့ ရူးသွပ်တဲ့ဘဝ ရောက်သွားတယ်။

အဖေဆုံးသွားတဲ့ အမျိုးသမီးကလည်း ထို့အတူပဲ လမ်းပေါ်ရောက်သွားပြီးတော့ ရူးသွပ်သွားတာ ရှိခဲ့ဖူးတယ်။

သာဝတ္ထိပြည်မှာရှိတယ်နော်။ ဒီမှာလည်း လိုက်ပြီး ကြည့်မယ်ဆိုရင် ဒါမျိုးမရှိဘူးလို့ ပြောနိုင်ပါ့မလား၊ မပြောနိုင်ဘူး။ ဒီလိုဟာတွေ အများကြီး ရှိနိုင်တယ်ပေါ့။

နောက်ဆုံး မြတ်စွာဘုရားထုတ်ပြတာ တစ်ခုက သာဝတ္ထိပြည်မှာ တကယ်ဖြစ်ခဲ့တာတစ်ခုတဲ့။ မိဘ

http://www.dhammadownload.com



သဘောမတူဘဲအိမ်ထောင်ကျတဲ့ဇနီးမောင်နှံ။ ဆွေတွေမျိုးတွေဆီကို ပြန်သွားတယ်။ အမျိုးသမီးဘက်က ဆွေမျိုးတွေဆီ သွားတဲ့အခါ အမျိုးသမီးဘက်က ဆွေတွေမျိုးတွေက သူတို့ဇနီးမောင်နှံကို အတင်းခွဲကြတယ်။

အတင်းခွဲပြီး နောက်တစ်ယောက်နဲ့ ပေးစားဖို့ကြိုးစားတယ်။ အဲဒီလိုကြိုးစားတော့ အမျိုးသမီးက သူ့ယောကျ်ားကို ဘာပြောတုန်းဆိုရင် သူ့ရဲ့ ဆွေတွေမျိုးတွေကတော့ အတင်းလုပ်ကြတော့မယ်၊ ဒီလို အဲဒီနောက်ထပ်ပေးစားမယ့်သူကို သူက မနှစ်သက်နိုင်ဘူးတဲ့ ဆိုတော့ ဘာလုပ်လဲ၊ အဲဒီအမျိုးသားက အမျိုးသမီးကို ဓားနဲ့ထိုးသတ်ပြီး သူကိုယ်တိုင်လည်းပဲ ဓားနဲ့ထိုးပြီး သေပွဲဝင်သွားတယ်။

ဒါ တကယ့်အဖြစ်အပျက်နော်။ ဒီကနေ့ခေတ်မှာလည်း မကြားချင်အဆုံးပဲ။ တစ်ကမ္ဘာလုံး ရှာကြည့်မယ်ဆိုရင် နေ့စဉ်နဲ့အမျှ ရှိနေမှာပဲ။ မရှိပေဘူးလား။ ဒါ သာဝတ္ထိပြည်က ဖြစ်ခဲ့တဲ့ဇာတ်လမ်းတွေကို ပြော

http://www.dhammadownload.com



တာနော်။ ဇာတ်လမ်းတွေ မြောက်မြားစွာ ရှိတဲ့အထဲမယ် ဒီလိုဖြစ်ခဲ့တယ်တဲ့။ အဲဒီ တကယ့်ဖြစ်ရပ်တွေကို ရည်ညွှန်းပြီးတော့ ငါဘုရားဟောတာပါ၊ လောကမှာ သောကတွေ ဖြစ်သွားတာဟာ ချစ်ခင်တဲ့ပုဂ္ဂိုလ်ကို အခြေခံပြီးတော့ ဖြစ်တာလို့ ငါဟောတာလို့ မြတ်စွာ ဘုရားကရှင်းပြတယ်။

သာဝတ္ထိပြည်မှာ တကယ်ဖြစ်ပျက်ခဲ့တဲ့ ပုံဝတ္ထုတွေကို ထုတ်, ထုတ်, ထုတ်ထုတ်ပြီး မြတ်စွာဘုရားက ရှင်းပြလိုက်တယ်။ ပုံဝတ္ထုတွေပေါင်းမယ် ဆိုလို့ရှိရင် တော့ (၁၅)ခုလောက်ရှိသွားပြီပေါ့။ တစ်ခုစီပြောမယ် ဆိုရင် (၁၅)ခုလောက်ရှိပြီပေါ့၊ ဒီပုံစံတွေချည်းပဲ။ ဒီ ဖြစ်ရပ်တွေ (၁၅)ခုလောက်ရှိတယ်။ အဲဒီ ပုံဝတ္ထုတွေနဲ့ ရှင်းပြီးတော့ပြလိုက်တယ်။ မြတ်စွာဘုရားက ငါပြောလို တဲ့ **"ပိယ ဇာတိကာ ပိယပ္ပဘဝါ"** ဆိုတာ ဒါကိုရည်ညွှန်း တာလို့ ပြောလိုက်တော့ ပုဏ္ဏားကြီးက မှတ်ပြီးတော့ မလ္လိကာမိဖုရားကြီးထံပြန်ပြီး အစီရင်ခံတယ်ပေါ့။

http://www.dhammadownload.com



မြတ်စွာဘုရားက ဒီစကားကို သူကိုယ်တိုင်မိန့်လိုက်တာလည်း ဟုတ်တယ်၊ ဘာကြောင့်မိန့်တယ် ဆိုတာကိုလည်းပဲ ရှင်းပြလိုက်တယ်ဆိုတော့ မလ္လိကာမိဖုရားကြီးက အဲဒီသတင်းကို ယူဆောင်ပြီး သူ့အပေါ် အမျက်ဒေါသထွက်နေတဲ့ ကောသလဘုရင်ကြီးနားသွားပြီး ရှင်းပြတယ်။

ဒီအကြောင်းတွေကို ရှင်းပြတဲ့အခါမှာ ဘယ်က နေစပြီးတော့ရှင်းတုန်းဆိုတော့ "အရှင်မင်းကြီးတဲ့၊ တစ်ခုမေးပါမယ်တဲ့၊ အရှင်မင်းကြီးဟာ ဝဇိရီဆိုတဲ့ မင်းသမီးအပေါ်မှာ ချစ်ခင် မြတ်နိုးမှုရှိတယ် မဟုတ်လား" လို့ဆိုတော့ "ရှိတာပေါ့"တဲ့၊ "အဲဒီ ဝဇိရီမင်းသမီး မပြောကောင်း မဆိုကောင်း သေဆုံးသွားမယ်ဆိုရင် အသင်မင်းကြီး ဘယ်လိုနေမလဲ" တဲ့ ဆိုတော့ "ဟာ၊ ငါ အဲဒီကျတော့ သောကဖြစ်မှာပေါ့၊ သောကဖြစ်ရုံတင် မကဘူး၊ ငါ့အသက်တောင်မှပဲ သေသွားကောင်း သေသွားလိမ့်မယ်"တဲ့။ "အရှင်မင်းကြီးတဲ့၊ မြတ်စွာဘုရားက **ပိယဇာတိကာ သောက ပရိဒေဝ ဒုက္ခ ဒေါမန-**

http://www.dhammadownload.com



**သုပါယာသာ** ဆိုတဲ့စကားက ဒါကိုရည်ညွှန်းတာပါ”။ ဘုရင်ကြီး သဘောပေါက်အောင်ရှင်းပြတယ်။

အရှင်မင်းကြီးဟာ ဝဇီရီဆိုတဲ့ မင်းသမီးအပေါ်မှာ အတွယ်အတာတွေရှိတယ်၊ ဝဇီရီမင်းသမီး ရှိနေတုန်းတော့ ပျော်မှာပေါ့၊ ဝဇီရီမင်းသမီး တစ်စုံတစ်ခုဖြစ်သွားမယ်၊ နတ်ရွာစံသွားမယ်ဆိုရင် ဘုရင်ကြီးက ယူကျုံးမရ မဖြစ်ပေဘူးလား၊ ဖြစ်သွားမယ်။ အဲဒါကို မြတ်စွာဘုရားက ရည်ညွှန်းတာပါတဲ့။

မလ္လိကာမိဖုရားက အင်မတန်မှဉာဏ်ထက်တယ်၊ သူကလည်းပဲ သူ့ဆင်းရဲမဘဝကနေ မိဖုရားဖြစ်လာတာ၊ ပန်းဥယျာဉ်က ပန်းခူးပြီးတော့ ရောင်းရတဲ့ မာလာကာရ ပန်းသည်ရဲ့သမီး၊ မလ္လိကာ မိဖုရားဟာ ရဲစွမ်းသတ္တိရှိတယ်၊ ဖျတ်ဖျတ်လတ်လတ်ရှိတယ်။ Bright ဖြစ်တယ်။ ဒါပေမယ့် ရုပ်ကတော့မလှဘူး၊ သူ မိဖုရားဖြစ်တာဘာ့ကြောင့်တုန်းဆို သွက်လက်ချက်ချာလို့ မိဖုရားဖြစ်တာ။ ဒါက အပေါ်ယံပြောတာပေါ့။ တစ်ဖက်က

http://www.dhammadownload.com



ပြောမယ်ဆိုရင် ကုသိုလ်ကောင်းမှုကြောင့် ဖြစ်တယ်ပေါ့ နော်။

တစ်ခါတုန်းက ဘုရင်ကြီးဟာ စစ်ရှုံးပြီး ထွက်ပြေး လာတဲ့အခါမှာ အဲဒီ သူတို့ပန်းဥယျာဉ်ထဲကို ရောက် လာတယ်၊ ကျန်တဲ့လူတွေက ဘုရင်လာပြီဆို ထွက်ပြေး ကြတာ၊ ပုန်းနေကြတာ။ ဘယ်သူမှ ထွက်ပြီးမနှုတ်ဆက် ရဲဘူး။ မလ္လိကာကတော့ အဲဒီလိုမဟုတ်ဘူး၊ ရဲရဲဝံ့ဝံ့နဲ့ ဘုရင့်ဆီတန်းသွားပြီး မြင်းကို အရှေ့ကနေဖမ်းကိုင်၊ ဘုရင်ကြီးကို အောက်တွဲချ၊ သိသိမသိသိ ဝေယျာဝစ္စ လုပ်တာ၊ သူက ရဲတယ်၊ သွက်လက်တယ်၊ မြင်းကို ရေတွေဘာတွေတိုက်တယ်၊ ဘုရင်ကြီးကိုလည်း ရေတွေ ဘာတွေတိုက်ပြီး အမောအပန်းဖြေဖို့ရာ အကုန်လုံး လုပ်ပေးတယ်။ မောပန်းပြီးတော့ပြေးလာရတဲ့ ဘုရင် ကြီး၊ မြင်းကလည်းမော၊ ဘုရင်ကလည်းမော၊ အဲဒီအချိန် မှာ သူက ရဲရဲဝံ့ဝံ့နဲ့ သွက်သွက်လက်လက် ချက်ချက် ချာချာနဲ့ ဘုရင်ကြီးကို ဝတ်ကြီးဝတ်ငယ်ပြုစုခဲ့တယ်။ အဲဒါကြောင့်မို့လို့ သူက မိဖုရားဖြစ်သွားတာနော်၊

http://www.dhammadownload.com



မလ္လိကာမိဖုရားက အရာရာမှာ ထက်မြက်တယ်ပေ့ါ။ ဘုရင်ကြီး မမှားရလေအောင် ဒီစကားရဲ့အဓိပ္ပာယ်ကို သူက သွားရှင်းပြတယ်။

နောက် သူက ထပ်ပြီး မေးခွန်းတစ်ခုမေးတယ်၊ "အရှင်မင်းကြီးတဲ့၊ ဝါသဘခတ္တိယာ မိဖုရားအပေါ်မှာ အရှင်မင်းကြီး ချစ်မြတ်နိုးတယ် မဟုတ်လား" တဲ့။ "ဟုတ်တာပေ့ါ၊ ငါချစ်မြတ်နိုးတယ်" "အကယ်၍သာ ဝါသဘခတ္တိယာများ မပြောကောင်း မဆိုကောင်း နတ်ရွာစံသွားမယ်ဆိုရင် ဘုရင်ကြီး ဘယ့်နဲ့နေမတုန်း" ဆိုတော့ "ဟာ၊ ငါတောင် သေကောင်းသေလိမ့်ဦးမယ်ပေ့ါ၊ အဲဒီလောက်ထိအောင် မြတ်နိုးပါတယ်"လို့ ပြောတယ်။ မြတ်စွာဘုရားက ဒါကိုပြောတာတဲ့၊ "**ပိယတော ဇာယတေ သောကော**" ဆိုတာ။ သောကဆိုတာ ချစ်ခင်မှုက စတယ်လို့ မြတ်စွာဘုရားက ဒါကိုပြောတာ။

ဝါသဘခတ္တိယာ ဆိုတာ အရှင်အနုရုဒ္ဓါရဲ့ အစ်ကို၊ မဟာနာမနဲ့ နာဂမုဏ္ဍာ တို့က မွေးဖွားတဲ့သမီး၊ အဖေဘက်က မင်းသွေးပါတယ်၊ အမေဘက်ကတော့ ဇာတ်

http://www.dhammadownload.com



နိမ့်ပေါ့။ သို့သော်လည်း ရုပ်ကလေးကချောချော ဆိုတော့ ကောသလမင်းကြီးက ဘုရားနဲ့အမျိုးတော်ချင်လို့ဆိုပြီးတော့ ဘုရားအမျိုးထဲက သတို့သမီး သွားတောင်းတာ၊ တောင်းတဲ့အခါ သာကီဝင်မင်းတွေက သာကီဝင်မင်းသမီးစစ်စစ်ကို မပေးချင်လို့နော်၊ ကပြားကို ပေးလိုက်တာ။ အဲဒါ ဝါသဘခတ္တိယာပဲ။

အဲဒီ ဝါသဘခတ္တိယာ အပေါ်မှာလည်းပဲ ဘုရင်ကြီး က အင်မတန်မှ မြတ်နိုးတယ်တဲ့။ အေး၊ ကောင်းပြီ၊ ဝါသဘခတ္တိယာ မိဖုရားကနေ မွေးလာတဲ့သားက ဝိဋူဍဘလို့ခေါ်တယ်၊ ဒီဇာတ်လမ်းက ဗမာပရိသတ်တွေ သိတာများပါတယ်၊ ဝိဋူဍဘဆိုတာ ဘုရင်ကြီးက အင်မတန်မှ ချစ်မြတ်နိုးလို့ ဝိဋူဍဘကို ငယ်ငယ်နဲ့ စစ်သူကြီးခန့်ထားတာ။ သေနာပတိရာထူး ပေးထားတာ၊ သေနာပတိဆိုတာက ရာထူးကြီးတယ်၊ သေနာပတိရဲ့ အထက်မှာ အိမ်ရှေ့မင်းပဲ ရှိတော့တယ်။ နောင်ကျရင် သူက အိမ်ရှေ့မင်းသား ဖြစ်ပြီးတော့ နန်းစည်းစိမ် ခံစား

http://www.dhammadownload.com



ရမှာပေါ့။ အဲဒီအချိန်မှာ ဝိဋူဍဘကို သေနာပတိရာထူး ပေးထားတယ်။

မလ္လိကာမိဖုရားက မေးတယ် "အရှင်မင်းကြီးတဲ့၊ သားတော် ဝိဋူဍဘမင်းသား သေနာပတိအပေါ်ရော အရှင်မင်းကြီးက ချစ်မြတ်နိုးတယ် မဟုတ်လား" "ဟာ-ချစ်တာပေါ့" "အကယ်၍များ ဝိဋူဍဘ မပြောကောင်း မဆိုကောင်း တစ်ခုခုများဖြစ်သွားရင် အသင်မင်းကြီး ဘယ်လိုနေမလဲ"ဆိုတော့ "ဟာ-သောက ဖြစ်မှာပေါ့၊ စိုးရိမ်မှာပေါ့၊ ငိုကြွေးရမှာပေါ့" နောက်ဆုံးကျမှ မလ္လိကာ ကပြောတာ၊ "အရှင်မင်းကြီးတဲ့၊ အရှင်မင်းကြီးက ကျွန်မ အပေါ်မှာလည်း သံယောဇဉ်ရှိတယ် မဟုတ်လားတဲ့" "ရှိတယ်" "အကယ်၍ ကျွန်မသေသွားရင် ဘယ့်နဲ့နေ မတုန်း" တဲ့။ "ဟာ-ငါလည်း သောကဖြစ်ရမှာပေါ့" တဲ့။

မလ္လိကာမိဖုရားက အဲဒီလို တစ်ခုစီ တစ်ခုစီမေး ပြီးတော့ **ပိယဇာတိကာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ ပိယပ္ပဘဝါ** ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို တစ်ပိုဒ်ချင်း တစ်ပိုဒ်ချင်း ရှင်းပြီးတော့

http://www.dhammadownload.com



ပြလိုက်တော့ ဘုရင်ကြီးက အဲဒီကျမှ ဟင်းချပြီးတော့ ဝမ်းသာအားရနဲ့ ခြေလက်တွေဆေးပြီးတော့ မြတ်စွာဘုရားရှိရာကို နဖူးလက်အုပ်ချီပြီးတော့ နမောတဿ (၃)ကြိမ်ရွတ်တယ်၊ အဲဒီမှာ နမောတဿရွတ်တဲ့အထဲ မယ် ကောသလမင်းကြီးလည်းပါတယ်၊ တို့လူတွေက တော့ နေ့တိုင်း နမောတဿ ရွတ်နေကြတာပဲနော်။ ဒါပေမယ့် သူတို့က ရင်ထဲကရွတ်တဲ့ နမောတဿနော်၊ တကယ့်ကို ဟုတ်လိုက်တာ၊ ဟုတ်လိုက်တာဆိုပြီးတော့ မြတ်စွာဘုရားဂုဏ်တော်တွေကို တကယ့်ကို ကြည်ညို ပြီး ခြေတွေလက်တွေကို ဆေးပြီးတော့ ချက်ချင်း မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ရှိတဲ့ဘက်ကို ဦးလှည့်လို့ နဖူးပေါ်မှာလက်တင်ပြီးတော့ လက်အုပ်ချီ ပြီးတော့ မြတ်စွာဘုရားကိုရှိခိုးတာတဲ့။ နမောတဿ (၃)ကြိမ်ရွတ်ပြီးတော့ ရှိခိုးတယ်လို့၊ အဲဒါက မၛ္ဈိမ နိကာယ်မှာလာတဲ့ ပိယ ဇာတိကသုတ်ရဲ့အဆို။ မူရင်း ကျမ်းကို ဖတ်ချင်လို့ရှိရင် မၛ္ဈိမပဏ္ဏာသ မြန်မာပြန်ကို

http://www.dhammadownload.com



ဖတ်ကြည့်၊ အဲဒီမှာနော် မူရင်းကျမ်းက ဒီအတိုင်းပဲဆို တယ်။

အေး၊ ဒါကြောင့်မို့လို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က **"ပိယတော ဇာယတေ သောကော"** လောကမှာ တို့တတွေ လူ့ဘဝရလာတဲ့အခါမှာ ပိယ ဆိုတဲ့ ပစ္စည်းဝတ္ထုတွေအပေါ်မှာ၊ ပုဂ္ဂိုလ်တွေအပေါ်မှာ တွယ်တာမှု တဏှာတွေ အားကောင်းလာလေလေ သောက ဆိုတာတွေ များလာလေလေလို့ ပိယနဲ့ ပတ်သက်တဲ့ အပြစ်အနာအဆာတွေကိုမြင်ဖို့ အင်မတန် မှ အရေးကြီးပါတယ်။ မမြင်လို့ရှိရင် မျက်စိစုံမှိတ်ပြီးတော့ ချစ်ခင်မှုဟာ ပျော်ရွှင်မှုရတယ်လို့, ဖြစ်စေနိုင်တယ်လို့ စိတ်ထဲမှာ ယုံကြည်လက်ခံပြီးတော့ ချစ်ခင်မှုကိုသာ ရှာကြံနေကြမယ်ဆိုရင် သောကကနေ လွတ်မြောက် နိုင်မယ့်လမ်း ရှိပါ့မလား၊ မရှိဘူး။ ဒါကြောင့်မို့ မြတ်စွာ ဘုရား ဟောထားတာ ဓမ္မပဒမှာလည်း **မာ ပိယေဟိ သမာဂစ္ဆိ**–ချစ်သူခင်သူ မြတ်နိုးအပ်တဲ့ ပစ္စည်းဥစ္စာတွေနဲ့ ငါမဆုံပါရစေနဲ့၊ မဆုံပါရစေနဲ့။ **အပ္ပိယေဟိ ကုဒါစနံ**–

http://www.dhammadownload.com



အဲဒါလိုပဲ ချစ်ခင်မြတ်နိုးရတာတွေနဲ့ မဆုံရသလိုပဲ မုန်းစရာတွေနဲ့ဆုံရင်ရော စိတ်မဆင်းရဲဘူးလား၊ ဆင်းရဲတယ်။ အဲဒါ ဆင်းရဲတာကျတော့ သူက တစ်မျိုး၊ ဒေါမနဿလို့ခေါ်တယ်။ အဲဒါကျတော့ သောကရယ်၊ ဒေါမနဿရယ်နှစ်ခု။ ပဋိစ္စသမုပ္ပါဒ်မှာ သိတယ်နော်။ **“ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ”** အဲဒီမှာ သောက ဆိုတာလည်း တရားကိုယ်အားဖြင့် ဒေါမနဿဝေဒနာပဲ။ ဒေါမနဿ ဆိုတာလည်းပဲ တရားကိုယ်အားဖြင့် ဒေါမနဿဝေဒနာပဲ။ ဘာဖြစ်လို့ ဒေါမနဿဝေဒနာ နှစ်ခုကို အဲဒီမှာ မြတ်စွာဘုရားက ထည့်ဟောထားရလဲ ဆိုရင် သောကဆိုတာ ဆွေတွေမျိုးတွေ ပျက်စီးမှု သို့မဟုတ် ပျက်စီးပြီးတဲ့အခါ၊ ပျက်စီးတော့မယ့်အခါ၊ လက်လွတ်ဆုံးရှုံးတော့မယ့်အခါ ဖြစ်ပေါ်လာတဲ့ ရင်ထဲက ပူလောင်မှု ဖြစ်ပေါ်တာချင်းမတူညီဘူး။ ဒေါမနဿ ဆိုတာ အဲဒီလိုဟာကို အကြောင်းမပြုဘူး၊ ဘာတွေ ဖြစ်တတ်တုန်းဆိုရင် ဒေါမနဿ ဆိုတာ စိတ်ဆိုးတဲ့

http://www.dhammadownload.com



အခါမှာလည်းပဲ စိတ်ထဲမှာ မကျေနပ်တာတွေ မဖြစ်ဘူးလား၊ စိတ်ဆိုးတဲ့အခါမှာလည်းပဲ ဒေါမနဿဝေဒနာလာတယ်။ ကိုယ်ဆင်းရဲတဲ့အခါမှာလည်းပဲ ဒေါမနဿဝေဒနာ လာတယ်။ ခေါင်းကိုက်တယ်၊ သွားကိုက်တယ်၊ နားကိုက်တယ်၊ ထိုဒုက္ခဝေဒနာကို အကြောင်းပြုပြီးတော့ ဒေါမနဿ စိတ်ဆင်းရဲမှုတွေ မလာဘူးလား။ အဲဒီ စိတ်ဆင်းရဲမှုနဲ့ ခုနက သားသမီးနဲ့ ပတ်သက်တာတို့ ပစ္စည်းဥစ္စာတို့နဲ့ ပတ်သက်တဲ့ သောကနဲ့က မတူညီဘူး ဟုတ်ကဲ့လား။ မတူလို့ ဒေါမနဿဝေဒနာချင်း တူပေမယ့်လို့ မြတ်စွာဘုရားက ဖြစ်ပေါ်လာရတဲ့ ပုံပန်းသဏ္ဍာန်ချင်း မတူသည့်အတွက်ကြောင့် နှစ်နေရာ ဟောထားတယ်လို့ ဒီလိုမှတ်ရမယ်။ အေး၊ ဒါကြောင့် မို့လို့ ဒေါမနဿဝေဒနာလို့ ဒီလိုဖြစ်တာ။

အဲဒီမှာ မုန်းတဲ့ပုဂ္ဂိုလ်နဲ့တွေ့ရပြီ၊ ကိုယ်မနှစ်မြို့တာတွေနဲ့ ဆုံရပြီ၊ ဆုံစည်းရပြီ ဆိုလို့ရှိရင်လည်းပဲ ဒုက္ခဖြစ်တတ်တာပေါ့။ မြတ်စွာဘုရားက **"မာ ပိယေဟိ သမာဂဉ္ဆိ၊ အပ္ပိယေဟိ ကုဒါစနံ"** ချစ်ခင်မြတ်နိုးအပ်

http://www.dhammadownload.com



တဲ့ အရာတွေ၊ ပုဂ္ဂိုလ်သတ္တဝါတွေနဲ့ မဆုံပါရစေနဲ့၊ မုန်းစရာ ပုဂ္ဂိုလ်သတ္တဝါတွေနဲ့လည်း ဘယ်တော့မှ မဆုံပါရစေနဲ့၊ သင်္ခါရတရားတွေနဲ့လည်း ဘယ်တော့မှ မဆုံပါရစေနဲ့တဲ့။ ဘာဖြစ်လို့လဲနော်၊ "**ပိယာနံ အဒဿနံ ဒုက္ခံ၊ အပ္ပိယာနဉ္စ ဒဿနံ**" ချစ်ခင်နေတဲ့၊ နှစ်သက်မြတ်နိုးနေတဲ့ သတ္တဝါ သင်္ခါရတွေကို မမြင်ရဘူးဆိုရင် စိတ်ဆင်းရဲတယ်ပေါ့။ မုန်းတီးစရာကောင်းတဲ့ သတ္တဝါ သင်္ခါရတွေနဲ့ ဆုံစည်းနေရလို့ရှိရင်လည်း စိတ်ဆင်းရဲတာပဲ၊ အတူတူပဲ၊ဟုတ်ကဲ့လား။ မုန်းတဲ့သူတွေ့နေရတာနဲ့ ချစ်ခင်တဲ့သူ မတွေ့ရတာဟာ ဒုက္ခဖြစ်တာချင်း မတူဘူးလား၊ တူတာကြောင့်မို့လို့ ဒါဖြင့် ချစ်တာလည်း မကောင်းဘူး၊ မုန်းတာလည်းမကောင်းဘူး၊ ဒီလိုဆိုလိုတယ်ပေါ့နော်။ နောက်ဆုံးကျတော့ မြတ်စွာဘုရားက "**တသ္မာပိယံ န ကယိရာထ**" ချစ်ခင်မှု၊ မြတ်နိုးမှုဆိုတဲ့ တဏှာရာဂ မဖြစ်စေသင့်ဘူးတဲ့။ ဘာဖြစ်လို့တုန်း၊ "**ပိယာပါယော ဟိ ပါပကော**" ချစ်ခင်နှစ်သက်တဲ့ အရာတွေ သတ္တဝါ သင်္ခါရတွေနဲ့ ခွဲခွာသွားရပြီဆိုရင် အင်မတန်မှ ပူပန်

http://www.dhammadownload.com



ဆင်းရဲရတယ်၊ ဒုက္ခရောက်ရတယ်၊ ဆိုးဝါးတယ်တဲ့။ အေး၊ ရဟန္တာပုဂ္ဂိုလ်တွေကျတော့ **"ဂန္ထာတေသံ န ဝိဇ္ဇတိ ဟိတွာ ပိယာပိယံ"** ချစ်ခြင်းမုန်းခြင်းနှစ်မျိုးလုံးကို ဖယ်ရှားပစ်နိုင်တဲ့ပုဂ္ဂိုလ်၊ အတွယ်အတာတွေမရှိတော့ဘူးဆိုလို့ရှိရင် ထိုပုဂ္ဂိုလ်တွေဟာ ဘယ်လောက်ငြိမ်းချမ်းမလဲ စဉ်းစားကြည့်ပေါ့နော်။ ချစ်ခင်မှုက သောကကိုဖြစ်စေတယ်၊ မုန်းတာက ဒေါမနဿကိုဖြစ်စေတယ်၊ အဲဒီနှစ်ခုစလုံးက ကောင်းကျိုးကိုမပေးဘူး၊ ဆိုးကျိုးကိုချည်း ပဲပေးတယ်။ အဲဒါကြောင့်မို့လို့ ချစ်ခြင်းမုန်းခြင်းဆိုတဲ့ ဒီနှစ်လုံးဟာ လုံးဝမကောင်းဘူးတဲ့။ ဒါတွေအပေါ်မှာ ငြီးငွေ့သင့်တယ်လို့ မြတ်စွာဘုရားက ဒီလိုဟောလိုရင်း ဖြစ်တယ်ပေါ့။

ဒါဖြင့်ရင် တပည့်တော်တို့ ချစ်ခင်မြတ်နိုးမှုမရှိဘဲ လောကကြီးမှာ နေလို့ရပါ့မလားလို့ဆိုတော့ နေလို့ရပါတယ်၊ ဘယ်လိုလုပ်ပြီးတော့နေလို့ရမလဲ ဆိုလို့ရှိရင် ကြည့်လေ၊ ချစ်ခင်မှုနဲ့ အလားသဏ္ဌာန်တူတဲ့ မေတ္တာ၊ မေတ္တာနဲ့ လောကကြီးကို တည်ဆောက်ထားမယ်ဆိုလို့

http://www.dhammadownload.com



ရှိရင် ခုနကပြောသလို မေတ္တာတရား အခြေခံထားပြီ ဆိုလို့ရှိရင် မုန်းစရာပုဂ္ဂိုလ်ဆိုတာ ရှိဦးမလား၊ ချစ်စရာ ပုဂ္ဂိုလ် မရှိတော့သလို မုန်းစရာပုဂ္ဂိုလ်ဆိုတာလည်း မရှိ ဘူး။ သို့သော် ဘယ်သူ့ကိုမှလည်းမမုန်းဘူး၊ ဘယ်သူ့ ကိုမှလည်း မချစ်ဘူးဆိုတဲ့ ဒီ တည်ငြိမ်တဲ့အနေအထား လေး တစ်ခုကို ဘုန်းကြီးတို့တတွေ မရောက်မချင်း သောကဆိုတာ ဘုန်းကြီးတို့သန္တာန်ကနေပြီးတော့ ကင်းအောင်လုပ်နိုင်ကြမှာမဟုတ်ဘူး။ ဒါကြောင့်မို့ တွယ်တာမှုဆိုတဲ့ တဏှာ ရှိနေတဲ့ နေရာမှန်သမျှ သောကဆိုတာ လာမှာပဲနော်။ Where there is attachment, there is a worry ဆိုတာ၊ attachment ရှိတဲ့နေရာ worry ဆိုတဲ့သောက လာမှာပဲ။ သောက ကို မလိုချင်ဘူး၊ ဖယ်ရှားချင်တယ်ဆိုလို့ရှိရင် ချစ်ခင် မြတ်နိုးမှုအပေါ်မှာ တွယ်တာနေတဲ့တဏှာကို ဖယ်ရှား ကြရမှာဖြစ်ပါတယ်။ တဏှာကို မဖယ်ဘဲနဲ့ သောကက လွတ်တဲ့နည်းမရှိဘူးတဲ့၊ ဟုတ်ကဲ့လား။ ဒါကြောင့်မို့ ဗုဒ္ဓ မြတ်စွာက နောက်ဆုံးမှာကျတော့ **“ဟိတွာ ပိယာပိယံ”**

http://www.dhammadownload.com



ချစ်ခြင်းမုန်းခြင်း နှစ်ခုလုံးကိုစွန့်ဆိုတာ ဘာပြောတာ တုန်းဆိုတော့ တဏှာကိုလည်းစွန့်၊ ဒေါသကိုလည်းစွန့်၊ ဟောဒီ လောဘနဲ့ဒေါသ ဒီနှစ်ခုကို ဖယ်ရှားလိုက်နိုင်ပြီ ဆိုလို့ရှိရင် ဘုန်းကြီးတို့ဟာ အင်မတန်မှ ငြိမ်းချမ်းတဲ့ ဘဝတစ်ခုကို ရောက်ရှိပြီးတော့သွားမှာပါ။ စိတ်ဓာတ်ရဲ့ ငြိမ်းချမ်းမှုကို တကယ်ရချင်ပြီ ဆိုလို့ရှိရင် ဒီတရားနှစ်ပါး ကို လျှော့ချရင် လျှော့ချနိုင်သလောက် ချမ်းသာသုခ ရမယ်၊ လုံးဝဖယ်ရှားနိုင်လို့ရှိရင် လုံးဝ ချမ်းသာသုခ ရမယ်ဆိုတာကို ဘုန်းကြီးတို့တတွေ အားလုံးသဘော ပေါက်ပြီးတော့ ပိယ, အပိယ ဆိုတဲ့အပေါ်မှာ ဖြစ်ပေါ် လာတတ်တဲ့ သောကနဲ့ဒေါသတို့၊ လောဘ, တဏှာနဲ့ ဒေါသတို့ကို လျှော့ချခြင်းဖြင့် သောကနဲ့ဒေါမနဿတို့ ကနေ အပြီးတိုင် ငြိမ်းချမ်းတဲ့တရားဓမ္မကို မိမိတို့ရဲ့ ရင်ထဲနှလုံးထဲမှာရောက်အောင် ကိုယ်စီကိုယ်ငှကြိုးစား အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

http://www.dhammadownload.com

# ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီး ထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ် ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြု လျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဓမ္မ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ **ဓမ္မပူဇာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

http://www.dhammadownload.com

# အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

http://www.dhammadownload.com

၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်

၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ

၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်

၂၅။ သာရဏီယတရား

၂၆။ ရသ တဏှာ

၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း

၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ

၂၉။ မဟာဒါန

၃၀။ စိတ်၏ထွက်ပေါက်များ

၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ

၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ

၃၃။ န စ သော၊ န စ အညော

၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်

၃၅။ စိတ်၏အတွေးများ

၃၆။ ဥပါဒါနပစ္စယာဘဝေါ

၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း

၃၈။ အတ္တာဟိအတ္တနောနာထော

၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်

၄၀။ ဟောသူ နာသူ စိတ်ထားဖြူ

၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

http://www.dhammadownload.com

၄၂။ လွှတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘောသဋ္ဌဂုရ
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

http://www.dhammadownload.com


၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒဏ္ဍိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

http://www.dhammadownload.com

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ

၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ပိုက်ခြင်း

၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ

၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား

၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ

၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ

၉၀။ ကမ္မဋ္ဌာန်းဆရာ

၉၁။ ဇာတိမြေမှ သာသနာ

၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ

၉၃။ စရိုက်နှင့်ဝါသနာ

၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်

၉၅။ သာသနာပြုစွမ်းအားစု

၉၆။ လူဆိုးလူမိုက်

၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ

၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း

၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ

၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ

၁၀၁။ အာနာပါနသတိသုတ်အနှစ်ချုပ်

၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ

၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ

၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား

၁၀၅။ မွေ့သံဝေဂနှင့် ဘဝဆည်းဆာ

http://www.dhammadownload.com

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်
၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်

http://www.dhammadownload.com

၁၂၇။ ကောသလအိပ်မက်နှင့်ယနေ့ကမ္ဘာ

၁၂၈။ ပိယတော ဇာယတေ သောကော

http://www.dhammadownload.com

http://www.dhammadownload.com